31-မတ်-2020 တွင် သက်တမ်းတွင် ကုန်ဆုံးမည့် CI နှင့် စာအုပ်ကြီးများကိစ္စ

==================== ========= ======== =====

၁။ ထိုင်းနိုင်ငံအတွင်း များမကြာမီ ရက်များအတွင်း သတင်း ထွက်ပေါ်ခဲ့သော ၂၀၂၀ မတ် လ ၃၁ ရက်ကုန် ဆုံးမည့် CI စာအုပ် ကိုင်ဆောင်ထားသူများသည် ဗီဇာသက်တမ်း ထပ်မံ မတိုးတော့ကြောင်း၊ သက်တမ်း ကုန်ဆုံးမည့် ရက်မတိုင်မှီ MOU- Utrun စနစ် ကို ပြန်လည် ဆောင်ရွက်ရမည် ဆိုသည့် သတင်းကြောင့်၊ CI စာအုပ် ကိုင်ဆောင်ထားသူများ အနေဖြင့် စိုးရိမ်မှုများ ဖြစ်ခဲ့ရကြောင်း၊ သတင်းများအရ သိရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ ယနေ့(၁၃-၅-၂၀၁၉) ရက်နေ့တွင် စတင် ကျင်းပသည့် အစည်းအဝေး မတိုင်မှီ ထိုင်းနိုင်ငံ ဘက်ခြမ်း တာဝန်ရှိသူများနှင့် အထူး အစည်းအဝေး တစ်ရပ် ကျင်းပခဲ့ပြီး ယင်းကိစ္စရပ် အတွက် အောက်ပါအတိုင်း ကနဦး ဖြေလျော့ ခွင့်အား တောင်းဆို အတည်ပြုဆုံးဖြတ်နိုင်ခဲ့ပါသည်-

(က) ၃၁-၃-၂၀၂၀ ရက်နေ့ အတွင်း ကုန်ဆုံးမည့် Visa နှင့် Work Permit များကို ၃၁-၁၂-၂၀၂၀ ရက်နေ့အထိ နောက်ထပ် ၉ လ သက်တမ်းကနဦး ထပ်မံ တိုးပေးမည် ဖြစ်ပါသည်။ ၎င်း အလုပ်သမားများသည် သက်တမ်း မကုန်ဆုံးခင် ကာလအတွင်း မည်သည့် နည်းလမ်းဖြင့် MOU-U Turn Process ကို ဆောင်ရွက် ရမည်ကို ထိုင်းနိုင်ငံ ဘက်ခြမ်းနှင့် အသေးစိတ် ထပ်မံ ညှိနှိုင်း ထုတ်ပြန် ပေးသွားမည် ဖြစ်ပါသည်။ အလုပ်သမားဦးရေ ၆ သိန်း ခန့် MOU U Turn စနစ်ဖြင့် ပြန်လည် ဆောင်ရွက်ရမည် ဖြစ်ရာ မိမိတို့ အနေဖြင့် ယခုလက်ရှိ MOU U Turn စနစ် ထက် ပိုမိုချောမွေ့သော Process ကို Working Group အဆင့်တွင် ထပ်မံ ဆွေးနွေးပြီး၊ နှစ်နိုင်ငံ အဆင့်တွင် အတည်ပြု ဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။

(ခ) ၁-၁၁-၂၀၁၉ ရက်နေ့တွင် ကုန်ဆုံးမည့် CI ကိုင်ဆောင်ထားသည့် ရေလုပ်သားများ သည်လည်း ဖော်ပြပါ အပိုဒ် (က) ပါအတိုင်း အကျုံးဝင်မည် ဖြစ်ပါသည်။

(ဂ) ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် ယခု Data Collection Center တွင် လည်းကောင်း ထုတ်ပေး ထားသော ME Bangkok စာအုပ်များအားလုံးအားလည်း၊ အပိုဒ်(က) ပါအတိုင်း အကျုံးဝင် ပါသည်။ ၎င်း စာအုပ် ကိုင်ဆောင် ထားသူများသည် စာအုပ် သက်တမ်း(၂) နှစ်နှင့် အထက် ကျန်ရှိပါက MOU စနစ် ဆောင်ရွက်ချိန်တွင် ယင်းစာအုပ်အား ပြန်လည် အသုံးပြုနိုင်မည် ဖြစ်ပါသည်။

၃။ ထိုင်းနိုင်ငံသည် ရောက်ရှိ အလုပ်သမားများ အားလုံးကို MOU စနစ်ဖြင့် ဆောင်ရွက် ရမည် ဖြစ်သော်လည်း၊ ထိုင်းနိုင်ငံမူဝါဒနှင့် MOU Uturn Process ကို အဆင်ပြေဆုံး ဖြစ်အောင်၊ လုပ်ငန်းစဉ်များ လျှော့ ချခြင်း၊ စာချုပ်ချုပ်ဆိုသည့် စခန်းများ ထပ်မံ တိုးမြှင့် ဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့် ရရှိပြီးသော အချိန်ကာလထက် ထပ်မံတိုးမြှင့် နေထိုင် အလုပ်လုပ်ကိုင်ခွင့် ရရှိရေး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရမှ ထုတ်ပေး ထားသော အထောက်အထား တစ်ခုခု ကို ကိုင်ဆောင်၍ MOU စာချုပ် ချုပ်ဆိုနိုင်ရေး ၊ တို့အတွက် သက်ဆိုင်ရာ Working Group အစည်းအဝေး များတွင် ထပ်မံ ဆွေးနွေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ International Labour Organization ၏ မူဝါဒအရ ထိုင်းနိုင်ငံသည် နှစ်နိုင်ငံ သဘောတူသည့် MOU စနစ်ကို စာချုပ်ချုပ်ဆို ဆောင်ရွက်မည့် အခြေအနေတွင် မြန်မာနိုင်ငံ ဘက်ခြမ်း၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ၊ ထိုင်းနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံရုံး နှင့် အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန တို့ အနေ ဖြင့် မြန်မာ နိုင်ငံသားများ အားလုံး ၏အကျိုးငှာ ထိုင်းရောက် မြန်မာ နိုင်ငံသားများ အားလုံး ၏ အခက်အခဲများ၊ ဆောင်ရွက် ပေးရန် ရှိသည်များကို အစဉ်တစိုက် နားထောင်လျက် ရှိပြီး၊ ယခု ကနဦး သဘော တူညီချက်သည် လည်း လက်ရှိ ကာလအရ ဖြစ်ပေါ်ခဲ့ သည့် အခြေအနေတစ်ရပ် အပေါ်တွင် အဆင်ပြေဆုံး ဖြစ်အောင် အမြန်ဆုံး ညှိနိုင်း ဆောင်ရွက် ပေးထားခြင်း ဖြစ်ပါသည်။ ယခုထက် ပိုမိုလိုအပ်သော အချက်အလက်များကို ဆက်လက် ညှိနှိုင်း ဆွေးနွေးသွားမည် ဖြစ်ပြီး၊ ရရှိသော အချက်အလက် များကိုလည်း အချိန်နှင့် တပြေးညီ ထုတ်ပြန် ပေးသွားမည် ဖြစ်ပါသည်။

(ဃ) ထိုင်းနိုင်ငံသည် လည်း ရွေးကောက်ပွဲ ကာလ ဖြစ်သဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်း ဆောင်ရွက် ပြီးသည့် အချိန်တွင် ဖော်ပြပါ စာအုပ် သက်တမ်းများ အားလုံးအတွက် နေထိုင် အလုပ်လုပ်ကိုင်ခွင့် ကို ဆက်လက် ညှိနှိုင်း တင်ပြသွားမည် ဖြစ်ပြီး၊ ၃၁-၃-၂၀၂၀ ရက် မတိုင်မှီ မိမိတို့ ဗီဇာသက်တမ်း များကို ခွင့်ပြု ညှိနှိုင်း ထားရှိသည့် အတိုင်း ဆက်လက် သက်တမ်း တိုးထားကြရန် တိုက်တွန်း အပ်ပါသည်။

(င) မြန်မာနိုင်ငံသား အလုပ်သမားများ အနေဖြင့် လည်းကောင်း၊ လူမှု အဖွဲ့ အစည်းများ အနေဖြင့် လည်းကောင်း၊ အလုပ်သမားရေးရာ ကိစ္စ ရပ်များနှင့် ပတ်သက်၍ အကြံပြု လိုပါက ဖုန်းဖြင့် ချိတ်ဆက်၍ လည်းကောင်း ၊ အလုပ်သမား သံအရာရှိရုံး မေးလ်သို့ လည်းကောင်း တိုက်ရိုက် ဆက်သွယ် အကြံပြု နိုင်ပါသည်။

အလုပ်သမားသံအရာရှိရုံး

ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ